www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ် (၁၅)

# အင်္ဂုလိမာလသုတ် အနှစ်ချုပ်

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

www.dhammadownload.com

ဓမ္မဒါန ကုသိုလ်ရှင်

နတ်လူသာခ ခေါ်စေသော်

**ROYAL CROWN** Printing House
No. 133, Nguwa Road, Ahlone Township, Yangon, Myanmar. Tel : 09-5024545

www.dhammadownload.com

# ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အင်္ဂုလိမာလသုတ်
# အနှစ်ချုပ်

www.dhammadownload.com

တရားစာအုပ်များကို
ဓမ္မဒါနပေ အလှူငွေဖြင့်
ပုံနှိပ်ဖြန့်ဝေသည်။

www.dhammadownload.com

# အင်္ဂုလိမာလသုတ် အနှစ်ချုပ်

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ် ပြာသိုလပြည့်ကျော် (၁)ရက်၊ ၂၇-၁-၂၀၁၃ (တနင်္ဂနွေနေ့) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ရှမ်းကုန်းလမ်း မိသားစု၏ ဒုတိယအကြိမ်မြောက် ဓမ္မပူဇာသဘင် အခမ်းအနားဝယ် ဟောကြားအပ်သော "**အင်္ဂုလိမာလသုတ် အနှစ်ချုပ်**" တရားဒေသနာတော်။

မဇ္ဈိမနိကာယမှာ **အင်္ဂုလိမာလသုတ်** ဆိုတာ ရှိတယ်။ မြန်မာလူမျိုးတွေ ကျက်မှတ်ကြတဲ့ ပရိတ်ကြီး (၁၁)သုတ်ထဲမှာလည်း အင်္ဂုလိမာလသုတ် ဆိုတာ ရှိတယ်။ အနှစ်ချုပ်ကတော့ အတူတူပဲလို့ ပြောရမယ်။ ပရိတ်ကြီး(၁၁)သုတ်မှာ အတ္ထုပ္ပတ္တိမပါဘဲနဲ့ လိုရင်း သစ္စာဆိုတာလေးတင် ပြထားတယ်။ အဲဒီသစ္စာဆိုတာ

www.dhammadownload.com



ကိုပဲ ပရိတ်အဖြစ် အရံအတားအဖြစ် အသုံးပြုပြီးတော့ ပရိတ်ကြီး(၁၁)သုတ်မှာ ထည့်သွင်းပြီးတော့ထားတယ်။

မူရင်း အင်္ဂုလိမာလသုတ်ကြီးမှာလည်း သစ္စာဆိုပုံဆိုတာ ပါတယ်။ အဲဒီထဲက ထုတ်နှုတ်ပြီးတော့ အင်္ဂုလိမာလပရိတ် protective discourse ဆိုပြီးတော့ အကာအကွယ်ဖြစ်စေရန် စီမံထားတဲ့သုတ်ပဲ။ ပရိတ်ကြီး (၁၁) သုတ်ထဲမှာ အင်္ဂုလိမာလသုတ် (သို့မဟုတ်) အင်္ဂုလိမာလပရိတ်။

အခု ဒီနေ့ဟောမှာတော့ ပရိတ်ကြီး (၁၁)သုတ်ထဲက အင်္ဂုလိမာလသုတ်ကိုဟောမှာဖြစ်တယ်။ သို့သော်လည်း အဲဒီသုတ်ရဲ့ မူရင်းဖြစ်တဲ့ မဇ္ဈိမနိကာယမှာလာတဲ့ အင်္ဂုလိမာလသုတ်ကိုလည်းပဲ ထည့်သွင်းပြီးတော့ ဟောပြောမယ်။

**ပရိတ္တံ ယံ ဘဏာမေတံ၊**
**နိသိန္နဋ္ဌာန ဓောဝနံ။**
**ဥဒကမ္ပိ ဝိနာသေတိ၊**
**သဗ္ဗမေဝ ပရိဿယံ။**

www.dhammadownload.com



ဂါထာနဲ့ အစပြုပြီးတော့ သစ္စာတရားရဲ့ စွမ်းအား ကို ဖော်ပြထားတာ။ **ပရိတ္တ** ဆိုတဲ့ အဓိပ္ပါယ်က ကျရောက်လာမယ့် (သို့မဟုတ်) ကျရောက်နေတဲ့ အန္တရာယ်တွေကို အကာအကွယ်ဖြစ်စေဖို့ ဟောကြား ထားတဲ့ သုတ္တန်။

အကာအကွယ်ကို ဘယ်နည်းဖြင့် ဖြစ်စေသလဲ၊ ဘာကို အကြောင်းပြုပြီးတော့ အကာအကွယ် ဖြစ်စေ သလဲလို့ ပရိတ်ကြီး (၁၁)သုတ်ကို အနှစ်ချုပ်ပြီး ကြည့်မယ်ဆိုရင် အကာအကွယ်လုပ်တဲ့ စနစ်ဟာ တခြား မန္တရ တန္တရဝါဒတွေမှာပါတဲ့ မန္တန်စကားမျိုး မဟုတ်ဘူး။ သို့သော် တကယ်စွမ်းအားရှိတဲ့ မိမိတို့ ရင်ထဲမှာဖြစ်တဲ့ မေတ္တာတရား၊ မှန်ကန်တာကိုသာ ပြောတဲ့ သစ္စာစကား၊ အဲဒီနှစ်ခုကို အခြေခံပြီးတော့ ဘေးရန်အန္တရာယ်က ကင်းနိုင်တယ်ဆိုတာကို မြတ်စွာ ဘုရားက စီမံဟောကြားထားတာ ဖြစ်တယ်။

www.dhammadownload.com



မေတ္တာတရား, သစ္စာစကား အဲဒီနှစ်ခုရဲ့ အစွမ်းသတ္တိဟာ ကြီးမားတယ်လို့ဆိုတာ ကြုံတွေ့ဖူးတဲ့ ပုဂ္ဂိုလ်တိုင်း လက်ခံကြတယ်။ အခက်အခဲတစ်ခု ကြုံတွေ့လာတဲ့အခါ စူးစိုက်ကာ မေတ္တာပို့ခြင်းဖြင့် ပြေလည်သွားတယ်။ အန္တရာယ်တွေ လွတ်ကင်းသွားတယ်။ သစ္စာစကားကို ဆိုခြင်းဖြင့်လည်း အန္တရာယ်တွေကို လွန်မြောက်နိုင်တယ်။

အဲဒီတော့ ပရိတ်ကြီး (၁၁)သုတ်မှာ မေတ္တာတရားနဲ့ သစ္စာစကားကို အခြေခံထားပြီးတော့ သတ္တဝါတွေ အန္တရာယ်ကင်းဖို့ဆိုပြီးတော့ မြတ်စွာဘုရားဟောကြားထားတယ်။ ထို့ထိုနိကာယ်တွေမှာ မှတ်သားထားတဲ့ သုတ္တန်တွေကို ရှေးဆရာတွေက စုဆောင်းပြီးတော့ ပရိတ်ကြီး (၁၁)သုတ်ဆိုပြီးတော့ မြန်မာပြန်မှာ စီမံထားတာ။ အခြား မန္တန် မန္တရတွေ အဓိပ္ပါယ်မဲ့ ရွတ်နေမဲ့အစား အဓိပ္ပါယ်ရှိရှိ၊ အဓိပ္ပါယ်သိပြီဆိုလို့ ရှိရင်လည်း နိဗ္ဗာန်တိုင် လက်တွေ့ကျင့်သုံးမှုတွေကို

www.dhammadownload.com



ဦးတည်ထားတာ ဖြစ်သောကြောင့် မေတ္တာတရားနဲ့ သစ္စာစကားတို့ရဲ့ အစွမ်းသတ္တိဟာ သာမန်အန္တရာယ် ကင်းရုံမျှမက ကိလေသာဆိုတဲ့ အတွင်းအန္တရာယ်တွေပါ ကင်းပြီးတော့ နိဗ္ဗာန်ချမ်းသာထိအောင် ပို့ဆောင်ပေးနိုင်တယ်ဆိုတာ ယုံမှားသံသယ မရှိသင့်ဘူး။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ် လို့ဆိုတဲ့ ဒီဂုဏ်တွေကို အာရုံပြုပြီးတော့လည်းပဲ အန္တရာယ်ကင်းတယ်ဆိုတာ ဓဇဂ္ဂသုတ်မှာ ဟောပြောထားတာ ရှိတယ်။ နောက်တစ်ခု အာဋာနာဋိယသုတ် ဆိုတာ မူရင်း အာဋာနာဋိယပရိတ်ရှိတယ်၊ အာဋာနာဋ မြို့မှာ ထုတ်ပြန်တဲ့ အမိန့်ပြန်တမ်းဖြစ်လို့ အာဋာနာဋိယ ခေါ်တာ၊ ဘီလူးတွေကို အုပ်ချုပ်တဲ့ ဝေဿဝဏ် နတ်မင်းကြီးက ဆိုးသွမ်းတဲ့ ဘီလူးတွေကို အမိန့် ထုတ်ပြန် နှိပ်ကွပ်ပြီး မြတ်စွာဘုရားကို လျှောက်ထားတယ်။ မူရင်း အာဋာနာဋိယသုတ်ကြီးမှ ဘုရားရှိခိုး ဂါထာတွေထုတ်ပြီး သစ္စာဆိုတဲ့ အဓိပ္ပါယ်မျိုး ဖွဲ့စည်း

www.dhammadownload.com



ထားတဲ့သုတ်ကို ပရိတ်ကြီးထဲမှာ အာဋာနာဋိယသုတ် အဖြစ် ထည့်ထားတယ်။

ဆိုလိုတာကတော့ ပရိတ်ဆိုတဲ့ အကာအကွယ် ဖြစ်စေတတ်တဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမတွေကို အနှစ်ချုပ်ကြည့်မယ်ဆိုရင် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်ကို အာရုံပြုတာပဲဖြစ်စေ၊ မေတ္တာတရားနဲ့ သစ္စာစကားကို ဆိုတာပဲဖြစ်စေ လူတွေမှာ ကျရောက် ဖြစ်ပေါ်လာနိုင်တဲ့ ကျရောက်ဖြစ်ပေါ်နေတဲ့ ဘေးရန် အန္တရာယ်တွေကို ကာကွယ်နိုင်တယ်၊ နေ့စဉ် ရွတ်ဖတ် ပြီးတော့ မိမိတို့ရွတ်ဖတ်တဲ့ ပရိတ်တရားတွေရဲ့ အနက်အဓိပ္ပါယ်ကိုသိရှိပြီး လက်တွေ့ လိုက်နာကျင့်သုံး ကြမယ်ဆိုရင် နိဗ္ဗာန်တိုင် အကျိုးဖြစ်ထွန်းနိုင်တဲ့ တရား ဒေသနာများ ဖြစ်တယ်။

အခက်အခဲတွေမှလွှန်မြောက်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်တဲ့အခါမှာ မြတ်စွာဘုရား ဟောကြား တဲ့ သီလ၊ သမာဓိ၊ ပညာလို့ဆိုတဲ့ သိက္ခာသုံးရပ် အကျင့်

www.dhammadownload.com



မြတ်ကို ကျင့်ခြင်းဖြင့် ဘယ်သောအခါမှ ဘေးရန် အန္တရာယ်နဲ့ မကြုံနိုင်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုနိုင်ကြမှာ ဖြစ်တယ်။ ဒီထိအောင် ရည်မျှော်ပြီးတော့ မြတ်စွာဘုရား ဟောထားတာဖြစ်တယ်။

ဒီ အင်္ဂုလိမာလသုတ်နဲ့ ပတ်သက်ပြီးတော့ ပရိတ်မွမ်းလို့ ဆိုကြတယ်။ မွမ်းတယ်ဆိုတာ ဘာပြော တာလဲ၊ ပရိတ်ရဲ့ ဂုဏ်ရည်တွေကို ချီးမွမ်းပြောဆိုတဲ့ စကားကို ပရိတ်မွမ်းတယ်လို့ ခေါ်တယ်။ တိုက်တွန်း နှိုးဆော်တဲ့ ရှေးဦးဂါထာကို ရှေးဆရာတွေက စီကုံးပြီး ထည့်သွင်းထားတာ၊ ဘုရားဟောတာတော့ မဟုတ်ဘူး။ ရှေ့ပိုင်းက ပရိတ်ရဲ့ အမွမ်း၊ ဂုဏ်ကျေးဇူးတွေ အကျိုး ရှိတယ်ဆိုတာတွေကို ထုတ်ဖော်ပြောပြီးတော့ ပရိတ် ကို ရွတ်ကြစို့လို့ တိုက်တွန်းတယ်။

တိုက်တွန်းနှိုးဆော်တဲ့ စကားလေး ရှေ့က ခံထား တာ။ ဘာဖြစ်လို့လဲဆို လူဆိုတာ အကျိုးရှိမှ လုပ်ချင် တာ၊ အကျိုးကိုသိထားမှ ရှိတဲ့အကျိုးကို သိထားမှ

www.dhammadownload.com



ပို့ပြီးလုပ်ဖြစ်တယ်။ အကျိုးမရှိတဲ့အလုပ်ကို လုပ်လည်း မလုပ်သင့်ဘူး၊ လုပ်လည်းလုပ်ချင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ အကျိုးတရားတွေကို ထုတ်ဖော် ပြလေ့ ရှိတာပဲ။ ဆိုပါစို့- မဟာသတိပဋ္ဌာန်သုတ် ဆိုရင် မြတ်စွာဘုရားက "**ကောယနော အယံဘိက္ခဝေ မဂ္ဂေါ**" နိဗ္ဗာန်သွားဖို့အတွက် ဒါ တစ်ကြောင်းတည်းသော လမ်းပဲ။ ဒီတစ်ကြောင်းတည်းသောလမ်းကို လျှောက် လိုက်မယ်ဆိုရင် အကျိုး(၇)မျိုး ဖြစ်ပေါ်နိုင်တယ်လို့ သတိပဋ္ဌာန်တရားနဲ့ ပတ်သက်ပြီး အကျိုး (၇)မျိုးကို ရှေးဦးစွာ ထုတ်ပြထားတယ်၊ ဘာဖြစ်လို့လဲ၊ အားလုံး လူတွေက အကျိုးတရားကိုမြင်မှ လုပ်ဆောင်ချင်တာ ကိုး။ ဟုတ်တယ်လေ- ဒီကနေ့ခေတ် စီးပွားလုပ်နေတဲ့ ပုဂ္ဂိုလ်တွေပဲကြည့်၊ အရောင်းအဝယ်လုပ်ရင် ရောင်းဝယ် မယ်ဆိုရင် အမြတ်ဘယ်လောက်ရမလဲဆိုတဲ့ အကျိုးကို ကြည့်တာချည်းပဲလေ။ အလုပ်တစ်ခု လျှောက်လို့ရှိရင် လည်းပဲ လခဘယ်လောက်ရမလဲဆိုတာ ကြည့်တာပဲ။

www.dhammadownload.com



အကျိုးကို သိပြီးတော့မှ လုပ်ကြတယ်ဆိုတာ လူတွေရဲ့ သဘာဝပဲ။

အင်္ဂုလိမာလသုတ်မှာ နေ့စဉ်ရွတ်ဖတ်မှုအတွက် ဘယ်လိုအကျိုးတွေရှိလဲဆိုတာ သိထားလို့ရှိရင် ဒီသုတ်ကို ရွတ်ဖြစ်တာပေါ့။ ကြည်ညိုလေးစားစွာ ရွတ်ဖတ်ခြင်းဖြင့် ရွတ်ဖတ်နေတဲ့အခါမှာ စိတ်အာရုံဟာ သုတ္တန်ကို မှန်းမျှော်ပြီးရွတ်နေတာ ဖြစ်သောကြောင့် စိတ်ကြည်နူးမှုတွေကိုရတယ်။ စိတ်ကြည်နူးမှုကို အခြေခံပြီးတော့ ဝိပဿနာပဲကျင့်ကျင့်၊ သမထပဲ ကျင့်ကျင့်၊ ဒီအဆင့်ကို သွားလို့ရတယ်။ အာရုံယူပြီး တော့ ရွတ်နေတဲ့အချိန်မှာ လောဘ မဖြစ်ဘူး၊ ဒေါသ မဖြစ်ဘူး၊ မောဟ မဖြစ်ဘူး၊ စိတ်လေးဟာ ကိုယ်ရွတ်တဲ့ ဒေသနာအစဉ်မှာ ဖြောင့်ဖြောင့်မတ်မတ်ကြီး သွားနေ တယ်ဆိုတာ နည်းတဲ့အကျိုးမဟုတ်ဘူး။

တချို့ကထင်တယ်၊ မသိဘဲနဲ့ ရွတ်နေရင် အကျိုး မရဘူးလို့၊ ဒေသနာအစဉ်ရွတ်နေရင် အကျိုးမရဘူးလို့

www.dhammadownload.com



ပြောမရဘူး။ အကျိုးဆိုသည်မှာ ရွတ်ဖတ်သူရဲ့ intention ရည်ရွယ်ချက်ပေါ်မှာ မူတည်တယ်။ ရွတ်နေတဲ့ အချိန်မှာ စိတ်နေသဘောထားပေါ်မှာလည်း မူတည်တယ်။ အကျိုးရှိ,မရှိဆိုတာ ရွတ်သူနဲ့ သက်ဆိုင်တယ်။ တရားကြောင့် ဖြစ်တာမဟုတ်ဘူး။ ရွတ်ဖတ်သူရဲ့ စိတ်နေသဘောထားကြောင့် ဖြစ်တာ။

ရွတ်ဖတ်သူက တရားအာရုံထဲ မရောက်ဘဲ ရွတ်နေလို့ရှိရင်လည်း ဒီအကျိုးက ဟုတ်တိပတ်တိ ဖြစ်လာမှာ မဟုတ်ဘူး၊ တရားအာရုံနဲ့ စိတ်ကို တည်ငြိမ်အောင်ထားပြီး ရွတ်ရင်တော့ အဲဒီ စိတ်တည်ငြိမ်မှု ရလာသည်ပင်လျှင် အကျိုးပဲ။ စိတ်ကြည်နူးလာတယ် တည်ငြိမ်မှုရလာတယ်။ မြတ်စွာဘုရား တရားတော်ဆိုတာ တခြားအသံ ကြားရတာနဲ့ မတူဘူး "**ကြားနာရုံပင် အပူစင်၍**" ဆိုတဲ့အတိုင်း တကယ့်ကို စိတ်ဟာ ငြိမ်းချမ်းသွားတယ်။

www.dhammadownload.com



လူမပြောနဲ့၊ မြတ်စွာဘုရား ဟောနေတဲ့ ဘုရားရဲ့ တရားသံကိုကြားတဲ့အခါမှာ သတ္တဝါလေးတွေတောင် မှပဲ စိတ်အေးချမ်းမှုလေး ရသွားရင် အဲဒီ အေးချမ်းမှု စိတ်ကြည်လင်မှု ကုသိုလ်ကောင်းမှုက ကောင်းရာ သုဂတိဘုံကို ရောက်စေနိုင်တယ်။ သာမန် ကုသိုလ်လို့ အထင်မသေးနဲ့။ ကုသိုလ်ဆိုတာ အသေးအဖွဲ့ပဲဖြစ်စေ အားကိုးစရာ မရှိတဲ့နေရာမှာ ကြီးမားတဲ့ အထောက် အကူ ဖြစ်တယ်။

အားလုံးသိကြတယ်၊ ဖားနတ်သားအကြောင်း၊ အကောင်းအဆိုး မသိပေမဲ့လို့ မြတ်စွာဘုရား ဟောနေ တဲ့ တရားသံလေးကို ကြားပြီးတော့ စိတ်ထဲမှာ ကြည်နူး နေတဲ့အချိန် သေဆုံးသွားတဲ့အခါ စိတ်ကြည်နူးမှုဆိုတဲ့ ဒီကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သား သွားဖြစ်တယ်။ ဒီကုသိုလ်ရဲ့စွမ်းအားက နည်းနည်းလေး၊ ပေးလိုက်တာက အများကြီးပါလားလို့ ထင်ကောင်း ထင်လိမ့်မယ်။ မဖြစ်နိုင်ဘူးလို့တောင် ထင်ကောင်း

www.dhammadownload.com



ထင်လိမ့်မယ်။ မဖြစ်နိုင်တာ မရှိဘူးတဲ့။ ကုသိုလ်ရဲ့ စွမ်းအားဟာ အင်မတန်မှ ကြီးမားပါတယ်။

မြတ်စွာဘုရားက **စိတ္တုပ္ပါဒမတ္တမ္ပိ ဗဟုပကာရံ ဝဒါမိ ကုသလေသု ဓမ္မေသု** ကုသိုလ်ဆိုတာ စိတ်ထဲ ဖြစ်ရုံနဲ့တင်ပဲ အကျိုးများပါသည်။ လှူဦးမယ်လို့ စိတ်ထဲက တွေးလိုက်ရင် မလှူဖြစ်နဲ့ဦး၊ လှူဦးမယ်ဆိုတဲ့ အတွေးကိုက မစ္ဆရိယကို ဖယ်ရှားလိုက်တဲ့အတွေး၊ အဲဒါလေးကလည်း ကောင်းကျိုးချမ်းသာတွေ ပေးနိုင်တယ်ဆိုတာ မြတ်စွာဘုရားက ကုလသုတ္တန်မှာ ဟောထားတာ ရှိတယ်။ ဘာလှူရကောင်းမလဲဆိုတဲ့ လှူဦးမယ်လို့ဆိုတဲ့ စိတ်ဟာ အဲဒီစိတ်ဓာတ်ကလေး ဝင်လိုက်တာနဲ့ပဲ ဒီပုဂ္ဂိုလ်ဟာ ဖြစ်လေရာဘဝမှာ **မဟေသက္ခ** ဘုန်းတန်ခိုး ဩဇာအာဏာကြီးတယ်တဲ့၊ ဒါကြောင့်မို့ လှူချင်တယ်ဆိုတဲ့ အတွေးဟာ **မဟေသက္ခ သံဝတ္တနိက ပဋိပဒါ** ကုသိုလ်မျိုး ဖြစ်တယ်။

www.dhammadownload.com



ကဲ-အသေးဆုံးကုသိုလ်လေးတစ်ခု ပြောပြမယ်။ ကြည့်လိုက်မယ်ဆို အသေးလေးပဲ၊ ကိုယ်ဘာမှ မလှူဘူး၊ ဘာမှမလုပ်ဘူး၊ သို့သော် သူများလှူတာ တန်းတာ (သို့မဟုတ်) သူများလှူထားတဲ့ ဆိုင်းဘုတ်ကို ဖတ်ပြီးတော့ ဝမ်းသာအားရ သာဓု၊ သာဓု၊ သာဓုပါလို့ အမှူပေးဝေတဲ့ အချိန်မှာ သာဓုလေးခေါ်လိုက်တဲ့ ကုသိုလ်ပဲ။ အဲဒီ ကုသိုလ်ကလည်း အကျိုးပေးတယ်။ ဝမ်းသာအားရ ကုသိုလ်စိတ်ဖြစ်အောင်လုပ်ပြီးခေါ်တဲ့ သာဓုမျိုးဖြစ်ဖို့ လိုတယ်နော်။ သာဓုဆိုတာကိုလည်း သွားပြီးတော့ အထင်မသေးလေနဲ့။

ငါးရှဥ့်ငါးဆယ်ထဲမှာ သဒ်ဇာတ်ဆိုတာရှိတယ်။ ဘုရားအလောင်းက သဒ်ဆိုတဲ့ ပုဏ္ဏားတစ်ယောက်ဖြစ်တယ်။ လမ်းခရီးသွားတဲ့အခါ ပစ္စေကဗုဒ္ဓတစ်ဆူနေပူထဲမှာ ဖိနပ်မပါဘဲ လျှောက်နေတာကိုတွေ့တော့ သူစီးလာတဲ့ ဖိနပ်ကို ကျကျနနဆေးကြော သန့်သန့်ရှင်းရှင်းလုပ်ပြီး ပစ္စေကဗုဒ္ဓအား လှူလိုက်တယ်။

www.dhammadownload.com



"ဒီဖိနပ်ကလေး စီးပြီးတော့ သွားပါဘုရား။" အဲဒီဖိနပ် လှူပြီးတော့ သင်္ဘောတက်တာ။ သင်္ဘောက ကမ်းကခွာ၊ (၇)ရက်လောက်ကြာတဲ့အခါ ပင်လယ်ထဲမှာ မုန်တိုင်းမိရော။ သင်္ဘောပျက်သွားတယ်။ သူ့နောက်က တပည့်တစ်ယောက် ပါတယ်။ ဆရာတပည့် နှစ်ယောက် သင်္ဘောမြုပ်တဲ့အချိန်မှာ ပျဉ်ချပ်ကလေးကို မှီတွယ်ပြီး ပင်လယ်ထဲမှာ လှိုင်းလုံးတွေကြားမျောပါနေကြတာ။ အဲဒီ ဖိနပ်လှူခဲ့တဲ့ ကုသိုလ်ကြောင့် ပင်လယ်စောင့်နတ်သမီးက လာပြီးကယ်တာ။ ကယ်တဲ့အခါမှာ သင်္ဘုဏ္ဏားကိုသာ ကယ်တယ်။ ကုသိုလ်ကြောင့်ကယ်တာ။ အဲဒီလိုကယ်တဲ့အခါမှာ သူ့နောက်က အတူပါလာတဲ့သူကို လှည့်တောင်မကြည့်ဘူး။ ကယ်ပါလို့ပြောလည်း မကယ်ဘူး။

ဘုရားလောင်းဆိုတာ အသိဉာဏ် ရှိတယ်။ အော် ဒီလိုကယ်တယ်ဆိုတာ ကုသိုလ်ကြောင့်ပဲ၊ သူ့တပည့်ကို "ငါ့တပည့်၊ ငါဖိနပ်တစ်ရံ ပစ္စေကဗုဒ္ဓကို လှူခဲ့တယ်။

www.dhammadownload.com



အဲဒီ ကုသိုလ်ကောင်းမှုကို မင်းအား အမျှပေးဝေပါတယ်။ အမျှ အမျှ အမျှ" ဆိုတယ်။ ဟိုကောင်က သာဓု သာဓု သာဓုလည်း ခေါ်လိုက်ရော နတ်သမီးက ကယ်လိုက်ရတယ်၊ ကုသိုလ်ကြောင့်ကယ်တာ။ သာဓု ခေါ်တာနဲ့ ပင်လယ်ထဲမှာ မနစ်တော့ဘူး။

ဒါက ငါးရာ့ငါးဆယ်ထဲမှာ သိချင်ရင် ဖတ်ကြည့်။ သင်္ခဇာတ် လို့ခေါ်တယ်။ ဆိုလိုတာက သာဓု ခေါ်တဲ့ကုသိုလ်တောင်မှပဲ ဒီလို အကျိုးကျေးဇူးတွေ ရနိုင်သေးတယ်လို့။ ဒါကြောင့်မို့လို့ ကုသိုလ်ဆိုတာ အင်မတန်မှ အရေးပါတယ်။ ကုသိုလ်ကောင်းမှုကို အားလုံးလုပ်ကြရမှာ ဖြစ်တယ်။ ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် အစွမ်းသတ္တိ ရှိကြတာချည်းပဲ။

အင်္ဂုလိမာလသုတ္တန်ကြည့်၊ ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ကုသိုလ်ဟာ သေးငယ်တဲ့ကုသိုလ် မဟုတ်ပါဘူး။ ကုသိုလ်ရအောင် ရွတ်ပေါ့။ ကုသိုလ်ရလိုတဲ့စိတ်နဲ့ တည်တည်ငြိမ်ငြိမ်ရွတ်ဖို့ လိုအပ်တယ်။ အဓိပ္ပါယ်သိမယ်

www.dhammadownload.com



ဆိုရင်တော့ ပိုပြီးအကျိုးရှိတာပေါ့။ အင်္ဂုလိမာလသုတ်ကို ဘယ်လိုစထားတုန်းဆို -

**"ပရိတ္တံ ယံ ဘဏန္တဿ၊**

**နိသိန္နဋ္ဌာနဓောဝနံ။**

**ဥဒကမ္ပိ ဝိနာသေတိ၊**

**သဗ္ဗမေဝ ပရိဿယံ။"**

ပရိတ်ကို တိုက်ရိုက်နာတာတောင် မဟုတ်ဘူး၊ ဒီကုလားထိုင်တစ်ခုပေါ် မှာထိုင်ပြီး ပရိတ်ရွတ်တဲ့ပုဂ္ဂိုလ် ထိုင်သွားတဲ့ ထိုင်ခုံကိုဆေးကြောတဲ့ ရေကတောင်မှပဲ အစွမ်းသတ္တိရှိတယ်လို့ ပြောတယ်။ ပရိတ်တိုက်ရိုက် ရွတ်ရင် မပြောနဲ့တော့။

"**ပရိတ္တံ ယံ ဘဏန္တဿ**– အင်္ဂုလိမာလ ပရိတ်ကို ရွတ်ဆိုတဲ့ပုဂ္ဂိုလ်ရဲ့၊ **နိသိန္နဋ္ဌာနဓောဝနံ**– ထိုင်သွားတဲ့ နေရာကို ဆေးကြောတဲ့၊ **ဥဒကမ္ပိ**– ရေက တောင်မှပဲ၊ **ပရိဿယံ**– ဘေးရန်အန္တရာယ်ကို၊ **ဝိနာသေတိ**– ပယ်ဖျောက်နိုင်တယ်။"

www.dhammadownload.com



ပရိတ်နာတာတောင် မဟုတ်ဘူး၊ ရွတ်တာတောင် မဟုတ်ဘူး။ ပရိတ်ရွတ်တုန်းက ထိုင်သွားတဲ့ နေရာလေးကိုဆေးတဲ့ရေတောင်မှ အစွမ်းသတ္တိရှိတယ်၊ ဒီလိုပြောတာနော်။

**သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊**

**ယဉ္စ သာခေတိ တခ်ဏေ။**

အကျိုးနှစ်ခုကို ဖော်ပြတယ်။ ကိုယ်တိုင်ရွတ်တယ်ဆိုရင်တော့ မပြောနဲ့တော့။ ရွတ်ပြီး ကိုယ်တိုင်နာတယ်ဆိုရင်လည်း မပြောနဲ့တော့။ ရွတ်တဲ့ပုဂ္ဂိုလ်ထိုင်သွားတဲ့ နေရာလေး ဆေးကြောတဲ့ရေကတောင် အစွမ်းသတ္တိ ရှိတယ်။ အဲဒီ ရေကလည်း ဘေးရန်ခပ်သိမ်းကို ကင်းငြိမ်းစေတယ်၊ အန္တရာယ်ကို ကာကွယ်နိုင်တယ်တဲ့။

ပရိတ်ရေတွေ ဖြန်းလိုက်တာနဲ့ပဲ (သို့မဟုတ်) ပရိတ်တရားတော်ကို နာလိုက်တာနဲ့ပဲ မီးမဖွားနိုင်တဲ့ အမျိုးသမီးတွေဟာ ချောချောမောမော မွေးဖွားခြင်းကိစ္စ ပြီးသွားစေနိုင်တယ်။

www.dhammadownload.com



**ထေရဿ’ဂုလိမာလဿ၊**

**လောကနာထေန ဘာသိတံ။**

ဒီအစွမ်းသတ္တိထက်တဲ့ ပရိတ်ကို ရှင်အင်္ဂုလိမာလပရိတ်လို့ ခေါ်ပေမဲ့လို့ မြတ်စွာဘုရားက အင်္ဂုလိမာလကို ဟောခဲ့လို့ ဘုရားရဲ့ဟောပြောချက်ဖြစ်တယ်။ အင်္ဂုလိမာလမထေရ်အား မြတ်စွာဘုရားက ဟောခဲ့တာ။

အဲဒါတင်မကဘူး ဒီပရိတ်ဟာ ဘုရားက ဟောခဲ့လို့ ရှင်အင်္ဂုလိမာလ ရွတ်မှပဲ အကျိုးရှိတာလား၊ တခြားပုဂ္ဂိုလ်တွေ ရွတ်ရင်ရော အကျိုးမရှိဘူးလား။ အဲဒီခေတ်ကသာ အကျိုးဖြစ်ထွန်းပြီးတော့ ကနေ့ခေတ်မှာ အင်္ဂုလိမာလပရိတ်ဟာ မစွမ်းတော့ဘူးလားလို့ မေးရင် “**ကပ္ပဋ္ဌာယီ** တစ်ကမ္ဘာပတ်လုံး ဒီအစွမ်းသတ္တိဟာ ရှိနေတယ်”လို့ ပြောတယ်၊ ကမ္ဘာဆုံးသည်အထိ ဒီအစွမ်းသတ္တိဟာ ရှိနေတယ်။ **ကပ္ပဋ္ဌာယီ** အခုလက်ရှိကမ္ဘာကြီးရှိနေသရွေ့ ဒီအစွမ်းသတ္တိဟာ ရှိနေဦးမှာပဲ။

www.dhammadownload.com



ဘယ်နိုင်ငံ ဘယ်နေရာရောက်ရောက် ရှုတ်ဖတ်မယ် ဆိုရင် ကမ္ဘာတည်သရွေ့ အစွမ်းသတ္တိတွေ ရှိနေမယ်။
**မဟာတေ၀်–** အစွမ်းတန်ခိုး အင်မတန်မှကြီးတယ်၊ အဲဒီ အင်္ဂုလိမာလပရိတ်ကို တို့တတွေ ရွတ်ဖတ်ကြပါစို့”။

ဒီနေရာမှာ အင်္ဂုလိမာလပရိတ်ဟာ အစွမ်းတန်ခိုး ကြီးတယ်။ အဲဒီ အစွမ်းတန်ခိုးဟာ တစ်ကမ္ဘာပတ်လုံး တည်တဲ့ အစွမ်းတန်ခိုးဖြစ်တယ်။ ကမ္ဘာတည်သရွေ့ တည်ရှိနေတဲ့ အစွမ်းတန်ခိုးဖြစ်တယ်။ ရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ထိုင်တဲ့နေရာကို ဆေးကြောသန့်စင်တဲ့ရေနဲ့ ဖြန်းရင်တောင်မှပဲ ဘေးရန်ခပ်သိမ်းတွေ ကင်းငြိမ်းသွား နိုင်တယ်။ အမျိုးသမီးတွေ မီးမဖွားနိုင်တာတွေ အလွယ် တကူနဲ့ မီးဖွားဖို့ကို ပြီးစေနိုင်တယ်။ ဒီအကျိုးတွေကိုရဖို့ အင်္ဂုလိမာလပရိတ်က အစွမ်းတွေကိုပေးတယ်။

ဆိုလိုတာက အင်္ဂုလိမာလပရိတ်ဟာ မီးမဖွားနိုင် တဲ့ ကိစ္စတစ်ခုသာ အသုံးဝင်တာမဟုတ်ဘူး၊ အကုန်လုံး ဘေးရန်အန္တရာယ်တွေနဲ့ ပတ်သက်လာလို့ရှိရင် ဒီ

www.dhammadownload.com



အင်္ဂုလိမာလပရိတ်ဟာ သစ္စာဆိုတာ ဖြစ်သောကြောင့် အစွမ်းသတ္တိထက်တယ်၊ အစွမ်းသတ္တိထက်တဲ့ သစ္စာစကား၊ မြတ်စွာဘုရားက ဆိုခိုင်းသည့် သစ္စာစကား ဖြစ်သည့်အတွက်ကြောင့် အင်မတန်မှ အစွမ်းသတ္တိ ထက်တယ်၊ ဒါက ပရိတ်အမွှမ်းမှာ ဒီလိုဆိုထားတာ နော်။

မြတ်စွာဘုရားက အရှင်အင်္ဂုလိမာလကို ဒီပရိတ် သင်ပေးထားတာ၊ အဲဒီတော့ ဒီနေရာလေးမှာ အားလုံး ပဲ ဒီပရိတ်ဟာ ပရိတ်ကြီး (၁၁)သုတ်ထဲမှာတော့ အတိုဆုံးပဲ ဖြစ်တယ်။ အတိုဆုံးမို့ မရဘဲဖြစ်နေတတ် တယ်။ ရှည်တာတွေ ရပြီးတော့ အတိုကို မရဘဲ ဖြစ်နေတတ်တယ်။

**"ယတော' ဟံ ဘဂိနိ အရိယာယ၊**

**ဇာတိယာ' ဇာတော၊**

**နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ၊**

**ဇီဝိတာ ဝေါရောပေတာ။**

www.dhammadownload.com



**တေန သစ္စေန သောတ္ထိ တေ၊**
**ဟောတု သောတ္ထိ ဂဗ္ဘဿ။"**

"အရိယာဇာတ် ရဟန်းမြတ်ဖြစ်တဲ့အချိန်ကစပြီး သတ်လိုတဲ့စိတ်နဲ့ သတ္တဝါတွေကို သတ်တယ်ဆိုတာ သူမသိပါဘူး၊ မသိဘူးဆိုတာ ဘယ်တော့မှ မသတ်ခဲ့ပါဘူး၊ အရိယာဇာတ် ရဟန်းမြတ်ဖြစ်တဲ့ အချိန်ကနေစပြီးတော့ သတ်လိုတဲ့စိတ်နဲ့ သတ္တဝါရဲ့အသက်ကို သတ်ခဲ့တယ် ဆိုတာဟာ ဘယ်လိုတွေးလို့မှ မရနိုင်ပါဘူး၊ လုံးဝမလုပ်ဘူးပေါ့။ လုံးဝကင်းရှင်းတယ် ဆိုတဲ့ အဓိပ္ပါယ်။"

"**နာဘိဇာနာမိ** ဆိုတာ သတ်ခဲ့တယ်ဆိုတဲ့အသိ သူ့ခေါင်းထဲမှာ ရှိကိုမရှိဘူး။ အဲဒါ မှန်သောစကားကို ဆိုလိုက်တာပဲ။ သစ္စာစကားကို ဆိုလိုက်တာ။ အဲဒီ သစ္စာစကားရဲ့အစွမ်းကြောင့် **သောတ္ထိ တေ ဟောတု**– ချမ်းသာပါစေဆိုတာ အားလုံးအတွက် ရည်စူးတာ၊ မိခင်ကိုရည်ညွှန်းရင် **သောတ္ထိ တေ ဟောတု** ချမ်းသာ

www.dhammadownload.com



ပါစေ၊ **သောတ္ထိ ဂဗ္ဘသ** ကိုယ်ဝန်က ကလေးလည်း ချမ်းသာပါစေ။" ကလေးရော မိခင်ပါ ချမ်းသာပါစေလို့ ပြောတာ။

ဒီသစ္စာစကားရဲ့ အစွမ်းသတ္တိကို ဖော်ညွှန်းတဲ့ ဒီအင်္ဂုလိမာလသုတ်ကို မြတ်စွာဘုရားက ဘာဖြစ်လို့ ရှင်အင်္ဂုလိမာလအား ဒီပရိတ်စကား သစ္စာစကားကို ဟောကြားပေးရတာလည်းဆို အကြောင်းရှိတယ်။

အစကနေ စပြောမယ်၊ သူ့အကြောင်း လူတိုင်း သိနေကြတာပဲ။ အင်္ဂုလိမာလသုတ်ကို အနှစ်ချုပ်ပြီး ပြောရမယ်ဆိုရင်-

"ကောသလတိုင်းမှာ တောထဲ တစ်ဦးတည်း သောင်းကျန်းနေတဲ့ လူသတ်သမားကြီးရှိတယ်၊ တောထဲ မှာ ဘယ်သူမှ ဖြတ်မသွားရဲဘူး။ ဖြတ်သွားတဲ့ လူတွေ ဟာ အသတ်ခံလိုက်ရတာချည်းပဲ။ လူတွေသတ်ပြီး လူတွေရဲ့လက်ညှိုးကို ဖြတ်ပြီးတော့ အဲဒီ လက်ညှိုးကို ကြိုးနဲ့ဖောက်သီပြီး လည်ပင်းမှာ ဆွဲထားတယ်၊

www.dhammadownload.com



ဒီလောက် ရက်စက်ကြမ်းကြုပ်တဲ့ လူသတ်သမားကြီး၊ အကြင်နာတရားကင်းမဲ့တဲ့ လူသတ်သမားကြီးလို့ အင်္ဂုလိမာလသတင်း တစ်တိုင်းလုံး တစ်ပြည်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်နေကြတယ်။

သူ့အန္တရာယ်လွတ်အောင်လို့ အဲဒီတောကြီးကို မဖြတ်မဖြစ်လို့ ဖြတ်သန်းသွားလာတဲ့ ပုဂ္ဂိုလ်တွေဟာ အုပ်စုဖွဲ့ပြီးတော့ (၁၀) ယောက်တစ်စု၊ (၂၀) တစ်စု၊ (၃၀) တစ်စု၊ (၄၀) တစ်စု၊ (၅၀) တစ်စု၊ အကာအကွယ်တွေ လုပ်ပြီးတော့ တောစခန်းကို ဖြတ်သန်းသွားလာကြရတယ်။ အဲဒီလို သွားရင်လည်းပဲ သူ့လက်ကမလွတ်ဘူး။ လူတွေ ဘယ်လောက်များများ သူ့အသံကြားလို့ရှိရင် အားလုံးဟာ ကြက်သေသေပြီး ကြောက်လန့်ပြီး ထွက်ပြေးကုန်ကြရတယ်။ ဒီလောက်ထိအောင် သူ့ကို ဖိန့်ဖိန့်တုန် ကြောက်နေရတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ ကောသလမင်းကြီးတောင်မှ သူ့သတင်းကြားရုံနဲ့ ကြောက်လန့်တယ်။

www.dhammadownload.com



ကမ္ဘာကျော် လူသတ်သမားကြီး အင်္ဂုလိမာလ အဲဒီလို နာမည်ကြီးနေတဲ့အချိန် မြတ်စွာဘုရားက အဲဒီတောထဲကို ကြွသွားတယ်။ ဘာဖြစ်လို့ ကြွသွားသလဲလို့ဆိုရင် တိုင်းပြည်ကဆူလာပြီး ဆန္ဒတွေပြနေတယ်။ အင်္ဂုလိမာလ တောပုန်း လူသတ်သမားကြီးကို နှိမ်နင်းဖို့ရာအတွက် တောင်းဆိုလာကြတယ်။ သူ့မိဘတွေက တခြားမဟုတ်ဘူး။ ဘုရင်ရဲ့အကြံပေး ပုရောဟိတ်ပုဏ္ဏားနဲ့ ပုဏ္ဏေးမကြီး ဖြစ်တယ်။ သူတို့သားရဲ့ မူလနာမည်က "**အဟိံသက**" လို့ခေါ်တယ်။ လူသတ်သမားဘဝ ရောက်သွားတဲ့အခါ **အဟိံသက** ဆိုတဲ့ နာမည်မရှိတော့ဘူး။ **အင်္ဂုလိမာလ** လို့ နာမည်ကြီးသွားတယ်။ **အင်္ဂုလိ** ဆိုတာ လက်ချောင်း၊ **မာလ** ဆိုတာ ပန်းကုံး၊ **အင်္ဂုလိမာလ** လက်ချောင်းကို ပန်းကုံးလို စွပ်ထားတာ၊ လက်ချောင်းလေးတွေကို ကြိုးနဲ့သီပြီးတော့ ပန်းကုံးကြီးလို ဆွဲထားတာ၊ အဲဒါကို မြင်ခဲ့တဲ့လူတွေက လူသတ်သမားကြီးက လက်ချောင်းကို ပန်းကုံးလိုလုပ်ပြီး

www.dhammadownload.com



လည်ပင်းဆွဲထားတာကို ပြောရင်းက အင်္ဂုလိမာလလို့ နာမည်တွင်တယ်၊ တိုင်းပြည်က တောင်းဆိုလာတဲ့အခါ ဘုရင်ကြီးက အင်္ဂုလိမာလကိုဖမ်းဖို့ အကြိမ်ကြိမ်ကြိုးစား တယ်။ ဆင်တပ်ကို လွှတ်လိုက်တယ်၊ အင်္ဂုလိမာလ ဘယ်လောက်စွမ်းရည်သတ္တိရှိသလဲဆို ဆင်တပ်လာ လည်း သူ့ရဲ့အသံကြားတော့ ဆင်တွေပါ လန့်ပြေး တယ်၊ မြင်းတပ်နဲ့ဖမ်းဖို့ ကြိုးစားတယ်၊ မြင်းတွေပါ လန့်ပြေးတယ်။ ရှေ့ကပြေးနေတဲ့ဆင်တောင် သူက နောက်ကလိုက်ပြီးတော့ ဖမ်းနိုင်တယ်။ ပြေးနေတဲ့မြင်း ကို နောက်ကလိုက်ပြီး ဖမ်းနိုင်တယ်။ အင်အားက အဲဒီလောက်ကောင်းတာ၊ ဆင်တပ် မြင်းတပ်နဲ့လာ လည်း မလွတ်ဘူး၊ သူနဲ့တွေ့လို့ကတော့ ဘယ်သတ္တဝါမှ မချောင်ဘူး၊ သူ့လက်ထဲမှာ ဓားပါတယ်၊ လှံပါတယ်၊ လေးမြားပါတယ်၊ အကာအကွယ်ဒိုင်းတွေပါတယ်။

အဲဒီမှာ ဘုရင်က အရေးယူတော့မယ်ဆိုတဲ့အခါ ပုရောဟိတ်ပုဏ္ဏားကြီးက သူ့ဇနီးသည် ပုဏ္ဏေးမကြီးကို

www.dhammadownload.com



ပြောတယ်။ တစ်တိုင်းပြည်လုံး ဖိန့်ဖိန့်တုန်အောင် ကြောက်တဲ့ အင်္ဂုလိမာလဆိုတာ တခြားမဟုတ်ဘူး၊ မင်းရဲ့သား။ ဆိုးနေတာဆိုတော့ အမေရဲ့နှလုံးသားဟာ အင်မတန်မှနူးညံ့တယ်၊ "ငါ့သားက ငါ့ကိုတော့ သတ်မှာ မဟုတ်ဘူး၊ ငါသွားပြီးတော့ ငါ့သားကို ဖြောင်းဖြမှပဲ" တောထဲသွားဖို့ ကြိုးစားတယ်။

အဲဒီမှာ အင်္ဂုလိမာလက အမေလာလည်း သတ်မှာပဲ၊ ဘယ်သူမှ မရှောင်ဘူး၊ အကယ်၍သာ အမေကို သတ်လိုက်မယ်ဆိုရင် အင်္ဂုလိမာလရဲ့ဘဝက ပါရမီဖြည့်လာတဲ့ တိဟိတ်ပဋိသန္ဓေစတဲ့ ဥပနိဿယ တွေဟာ ပျက်စီးသွားနိုင်တယ်၊ မာတုဃာတကကံ ကျူးလွန်လိုက်လို့ရှိရင် ဒီဘဝ အဆုံးသတ်နိုင်မှာ မဟုတ်တော့ဘူး၊ ရဟန္တာဖြစ်ဖို့ ဝေးသွားနိုင်တယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက မမှားရအောင် အင်္ဂုလိမာလရှိရာ ကိုယ်တိုင် သပိတ်သင်္ကန်းလွယ်ပြီးတော့ ကြွတယ်။

www.dhammadownload.com



အဲဒီလို လမ်းသွားတဲ့အခါ နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ တွေ့တဲ့အခါ စိုးရိမ်တကြီး သူတို့က ဝိုင်းတားကြတယ်။ "အရှင်ဂေါတမ၊ ဒီဘက် မသွားနဲ့၊ ဒီဘက်မသွားနဲ့၊ ကြောက်စရာကောင်းတဲ့ လူသတ်သမားကြီး ရှိတယ်။ ဘယ်သူမှ မလွတ်ဘူး၊ လူလေးငါးဆယ် စုသွားလည်း သူ့လက်က မလွတ်ဘူး၊ ရှင်ဂေါတမ မသွားလေနဲ့" မြတ်စွာဘုရားက မကြား ချင်ယောင်ဆောင်ပြီး ဆက်သွားတာ၊ တောထဲရောက် တော့ အင်္ဂုလိမာလက ဝင်လာကတည်းက သိနေတယ်၊ "ဟိုမှာ ငါရှိတဲ့ဆီကိုလာနေတယ်။ ငါ့ရဲ့သတင်း မကြား ဘူးနဲ့တူတယ်" အဲဒီကတည်းက စိတ်ဟာ ဒေါသထွက် နေတယ်။ သူ့ကို ပမာမခန့် လုပ်တယ်ထင်နေတယ်။ ဒီရဟန်းကို သတ်မယ်လို့ဆိုပြီး ဒိုင်းတို့ လေးတို့ မြားတို့ ဒါတွေကို အကုန်လွယ် ထုံးစံအတိုင်း သူ့ခန္ဓာကိုယ်မှာ အကုန်လုံး ဖွဲ့ချည်နှောင်ပြီးတော့ မြတ်စွာဘုရား နောက်က ပြေးလိုက်တယ်။

www.dhammadownload.com



အဲဒီလို ပြောလိုက်တဲ့အခါ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ ဖန်ဆင်းထားတယ်၊ အင်္ဂုလိမာလ မြား တစ်ကမ်းလောက်အကွာမှာ အင်္ဂုလိမာလနဲ့ ခပ်ဝေး ဝေးမှာ ဖြစ်နေအောင် မြတ်စွာဘုရားက ပုံမှန်လေး ကြွနေတယ်။ အင်္ဂုလိမာလကြီးက ပြေးလိုက်တာ။ ပြေးလိုက်လည်း ဝေးနေတာပဲ။

အခုခေတ် လမ်းလျှောက်စက်ကြီးလိုများ ဖြစ်နေ မလားပဲ။ ဘယ်လောက်သွားသွား ရှေ့ကိုမရောက်ဘူး၊ အင်္ဂုလိမာလက လမ်းလျှောက်စက်ပေါ် လမ်းလျှောက် နေလို့ကတော့ တစ်ထွာမှ ရှေ့ကိုရောက်မှာ မဟုတ်ဘူး။ အင်္ဂုလိမာလလည်း ရှေ့မရောက်ဘူး။ ဒါပေမယ့် ပြေးလိုက်ရတဲ့ခရီးက သုံးယူဇနာ အကွာအဝေးထိ ရောက်သွားတယ်။ ဘယ်တော့ကြည့်ကြည့် ဘုရားက သူနဲ့အကွာအဝေး အဲဒီလောက်ပဲရှိတယ်၊ ဘယ်လောက် ပြေးပြေး အနားရောက်လိမ့်မယ်ထင်တယ် မရောက်ဘူး၊ အကွာအဝေးက ဒီလောက်ပဲ၊ ဘုရားက ပုံမှန်လေး

www.dhammadownload.com



သွားနေတယ်။ အဲဒီမှာ လူက မောလာပြီး မခံချိမခံသာ ဖြစ်လာတယ်၊ သုံးယူဇနာ ဆိုတဲ့ခရီးပြေးရတာ နည်းတာမှ မဟုတ်တာ။ မိုင်နဲ့တွက်ရင်တော့ အတိအကျ ပြောလို့မရဘူး၊ တစ်ယူဇနာကို (၈)မိုင်လို့ဆိုတာရှိတယ်၊ (၁၂)မိုင်လို့ ဆိုတာရှိတယ်။ ဒါတွေက အခုခေတ်လို တိုင်းတာထားတာမဟုတ်သည့်အတွက်ကြောင့် ပြောရခက်တယ်ပေါ့။

အဲဒီလို သုံးယူဇနာလောက်ရှိတဲ့ အဝေးအကွာ ထိအောင် မြတ်စွာဘုရားကို မီလုမီလုနဲ့ မီမယ်မီမယ် ကြိုးစားရင်းနဲ့ မမီဘူး၊ မမီတဲ့အခါ သူက လှမ်းပြီးတော့ အော်တာ။ "**တိဋ္ဌ သမဏ၊** ဟေ့ ကိုယ်တော်ရပ်လိုက်" လို့ လှမ်းပြီးတော့အော်တာ။ မြတ်စွာဘုရားက သူ့ကို လှည့်ပြီးတော့ ပြောလိုက်တယ် "ငါက ရပ်နေတာပါ၊ မင်းပဲ ရပ်ဖို့လိုတယ်" ငါက ရပ်နေတာလေ၊ မင်းပဲရပ်ဖို့ လိုတယ်။ အဲဒီတော့ ဒီစကားက သာမန်ပုဂ္ဂိုလ်အတွက် တော့ ဘာမှထူးဆန်းမှာ မဟုတ်ဘူး။ အင်္ဂုလိမာလ

www.dhammadownload.com



မှာတော့ Heart ကို ထိသွားတယ်လို့ ပြောရမှာပေါ့။ နှလုံးသားကို ထိသွားတယ်ပေါ့၊ "ငါရပ်နေတယ်၊ မင်း မရပ်ဘူး" အတွေးဝင်သွားတယ်။

ရဟန်းတွေဟာ ဘယ်တော့မှ မုသားပြောတဲ့ ပုဂ္ဂိုလ်မျိုးတွေ မဟုတ်ဘူး။ သူက သွားနေရင်း ငါရပ် နေတာလို့ ပြောတယ်။ ငါ့ကိုတော့ ပြေးလိုက်နေတာ တောင် မင်းရပ်လို့ပြောတယ် ဒါ အဓိပ္ပါယ်ရှိမယ်။ သူဟာ စိတ်ကို ဖြေလျှော့လိုက်တယ်၊ လျှော့ပြီး မေးခွန်း ထုတ်လိုက်တယ်။ "နေပါဦး၊ ကိုယ်တော်က သွားနေရဲ့ သားနဲ့ ရပ်တယ်လို့ပြောတယ်။ ကျွန်ုပ်ရပ်နေတာ မင်းပဲ ရပ်ဖို့လိုတယ် ပြောတယ်၊ ရှင်းစမ်းပါဦး"။

မြတ်စွာဘုရားက "အေး-ငါက သူများအသက်ကို သတ်ခြင်းဆိုတဲ့ အကုသိုလ်တွေ စောင့်စည်းပြီးတော့ အကုသိုလ်အလုပ်တွေကို မလုပ်တော့ဘူး။ ကောင်းတဲ့ ကိုယ်ကျင့်တရားပေါ်မှာ ငါက ရပ်နေတာ။ မင်းက လူတကာ လိုက်သတ်နေတော့ မင်းမရပ်သေးဘူး။"

www.dhammadownload.com



တစ်နည်းအားဖြင့် "ငါက **ပါဏာတိပါတ** ဆိုတဲ့ အလုပ်ကစပြီး အကုသိုလ်မှန်သမျှကို ရပ်ဆိုင်းလိုက်ပြီ မလုပ်တော့ဘူး။ မင်းက အကုသိုလ်မှန်သမျှတွေ အကုန်လုပ်နေတာဆိုတော့ မင်းကရပ်ဖို့လိုတယ်"။ ဒီလို ရှင်းပြလိုက်တဲ့အခါ ဉာဏ်ပွင့်သွားတယ်။ "ဟာ- သာကီဝင်မင်းသား ဂေါတမရဟန်းဆိုတာ သူပဲနေမှာပဲ၊ ကြည့်စမ်း ငါမကြားဖူးတဲ့ စကားတွေ ပြောတယ်"ဆိုပြီး စိတ်ထဲမှာ သိပ်ကျေနပ်သွားပြီး ဆုံးဖြတ်လိုက်တယ်။

သူ့လက်ထဲပါတဲ့ လေးတွေ၊ မြားတွေ၊ လှံတွေ၊ ဓားတွေ အကုန်လုံး လမ်းဘေးချောက်ထဲ အကုန်ပစ်ချ လိုက်တယ်၊ ပစ်ချပြီးတော့ ဘုရားရှေ့မှာ ဒူးထောက် လိုက်တယ်။ အဲဒီအခါ ဘုရားရှင်ကို ချဉ်းကပ်လို့ ရသွားပြီ။ ပြစ်မှားလိုတဲ့စိတ်နဲ့ လိုက်နေသမျှကတော့ သူဘယ်လိုမှ ချဉ်းကပ်လို့ မရဘူး။ မပြစ်မှားတော့ဘူးလို့ စိတ်လည်းရောက်လိုက်ရော ဘုရားနား ရောက်သွား

www.dhammadownload.com



တယ်၊ ဘုရားရှေ့မှာ ဒူးထောက်ပြီးတော့ သူ့ကို ရဟန်းအဖြစ် လက်ခံပေးပါတဲ့။

မြတ်စွာဘုရားက "**ဟေဝိတိက္ခု** လာခဲ့၊ **သွာက္ခာတော ဓမ္မော** ငါဟောထားတဲ့ တရားတွေ မှန်ကန်တယ် Warranty ပေးတယ်၊ အမှားမရှိစေရဘူး။ **စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာတိ**– မှန်ကန်တဲ့ နည်းလမ်းနဲ့ ဆင်းရဲဒုက္ခ အဆုံးသတ်ဖို့ မြတ်သော အကျင့်ကိုကျင့်ပါ" မြတ်စွာဘုရားက တာဝန်ပါပေးလိုက်တယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုကျင့်၊ အဲဒီ မဂ္ဂင်ရှစ်ပါး အကျင့်တရားကိုကျင့်မှ ဒုက္ခ အဆုံးသတ်မယ် ဆိုပြီး **ဟေဝိတိက္ခု** လို့ ခေါ်လိုက်တာနဲ့ပဲ သူဟာ ရဟန်းဘဝကို ရရှိသွားတယ်။ လူ့အသွင် ပျောက်ပြီးတော့ ရဟန်းတစ်ပါးအဖြစ် ရောက်သွားတယ်။

မြတ်စွာဘုရားရဲ့နောက်မှ သပိတ်လွယ်လိုက်ပြီး ဇေတဝန်ကျောင်းသို့ ရောက်သွားတယ်။ ဇေတဝန်ကျောင်း ရောက်တဲ့အခါ မြတ်စွာဘုရား အနီးမှာ

www.dhammadownload.com



ရှင်အင်္ဂုလိမာလက ယပ်ခပ်လျက် ထိုင်နေတယ်။ ဇေတဝန်ကျောင်းတိုက်ကို မြင်းတပ်နဲ့ ကောသလမင်းကြီး ရောက်လာတယ်။ အင်္ဂုလိမာလကို ဖမ်းဆီးရန် သွားရင်း ဘုရားထံ လှည့်ဝင်လာတယ်။ မြတ်စွာဘုရားက မေးတယ်။ "ဒကာတော်မင်းကြီး ဘာလုပ်မလို့လဲ၊ ဗိမ္ဗိသာရနဲ့ ရန်ဖြစ်ကြတာလား (သို့မဟုတ်) ဝေသာလီနဲ့ရန်ဖြစ်ကြတာလား? ဘယ်ကိုစစ်တိုက်ဖို့ သွားမလို့လဲ၊"

ကောသလမင်းကြီးက "မဟုတ်ဘူးဘုရား၊ ကောသလတိုင်းထဲမှာ နာမည်ကြီး ဖိန့်ဖိန့်တုန်အောင် ကြောက်နေရတဲ့ လူသတ်သမားကြီး အင်္ဂုလိမာလ တောထဲမှာ ရှိတယ်။ သူ့ကို ဖမ်းဆီးရန် သွားမလို့ပါ၊"

မြတ်စွာဘုရားက မေးလိုက်တယ် "ဒကာတော်မင်းကြီးတဲ့၊ အဲဒီ အင်္ဂုလိမာလ လူသတ်သမားကြီးဟာ ဘုန်းကြီးဝတ်ပြီး ရဟန်းအကျင့် ကျင့်နေတာကိုတွေ့ရင် ဘာလုပ်မလဲ။"

www.dhammadownload.com



ဘုရင်ဆိုတာ လုပ်ချင်လုပ်မှာ။ မြတ်စွာဘုရားက ကြိုတင်ပြီးတော့ အာမခံ တောင်းလိုက်တာ။ အင်္ဂုလိမာလကို သက်န်းဝတ်နဲ့ ကိုယ်ကျင့်တရား ကောင်းကောင်းနဲ့ နေတာထိုင်တာ၊ ကိုယ်ကျင့်သီလနဲ့ ပြည့်ပြည့်ဝဝ အကယ်၍ တွေ့တယ်ဆိုရင် ဘာလုပ်မှာ လဲ၊ အရေးယူဦးမှာလားတဲ့။

ကောသလမင်းကြီးက သူ မဖမ်းရဘဲ ငြိမ်းချမ်း သွားတာ ကြိုက်တာပေါ့။ "အဲဒီလို ရဟန်းဝတ်နဲ့ ကိုယ်ကျင့်သီလ ပြည့်ပြည့်ဝဝနဲ့ တရားကျင့်နေတယ် ဆိုရင် တပည့်တော်ကပဲ လက်အုပ်ချီမိုး ရှိခိုးပြီး ပစ္စည်း လေးပါး ထောက်ပံ့လှူဒါန်းမှာပါ" လို့ လျှောက်တယ်။ "ဒါပေမယ့် ဒီလောက်ဆိုးတဲ့လူဟာ ဘယ်လိုလုပ်ပြီး ဘုန်းကြီးဝတ်မှာတုန်း။ လူတကာ ရက်ရက်စက်စက် သတ်တဲ့ နာမည်ကျော် လူသတ်သမားကြီးက ဘယ်လို လုပ် ဘုန်းကြီးဝတ်မှာတုန်း၊ ကိုယ်ကျင့်တရားနဲ့ ဘယ်လိုလုပ် ပြည့်စုံမှာတုန်း။"

www.dhammadownload.com



မြတ်စွာဘုရားက "ဒကာတော် မင်းတရားကြီး၊ အင်္ဂုလိမာလ ဆိုတာ ဟောဒီ အခု ယပ်ခပ်နေတဲ့ ကိုယ်တော်ပဲ" လို့ ဆိုလိုက်တော့ ဟော- ထပြေးကြတာ ဝုန်းဝုန်း, ဝုန်းဝုန်းနဲ့ နောက်ကပါလာတဲ့ အမတ်တွေ အကုန်လုံး၊ ဘုရင်ကြီးကတော့ ရာဇက္ကန္ဓြေကြောင့် ထမပြေးပေမဲ့ ကြောက်လန့်နေတာတဲ့။ (ပါဠိတော်ထဲ မှာတော့ ထပြေးကြတယ်လို့ မပါဘူး၊ ကောသလ မင်းကြီးက စိတ်ထဲမှာ ကြောက်ရွံ့သွားတယ် ဆိုတာပဲ ပါတယ်။)

ကောသလမင်းကြီး ကြောက်ရွံ့သွားတာ၊ ကြောက် တယ်ဆိုတာလည်း မျက်နှာမှာ ပေါ်တယ်လေ။ စိတ်ဆိုး ရင်လည်း မျက်နှာမှာပေါ်တယ်။ ကြောက်တယ် ဆိုရင် လည်း မျက်နှာမှာပေါ်တယ်။ မျက်နှာအမူအရာ အကဲ ခတ်ပြီး မြတ်စွာဘုရားက "ဒကာတော်မင်းတရား မကြောက်နဲ့ မကြောက်နဲ့။ သူ့ကြောင့် ဘာအန္တရာယ်မှ မရှိဘူး။ ဘယ်တော့မှ ဒုက္ခမပေးတော့ဘူး" ဆိုတော့မှ

www.dhammadownload.com



ကောသလမင်းကြီးက ရှင်အင်္ဂုလိမာလနားသွားပြီး စကားပြောတယ်၊ အရှင်အင်္ဂုလိမာလရဲ့ အဖေအမေ တွေက ဘယ်သူတွေတုန်း ဘယ်အနွယ်ကနေ ဝတ်လာ တာတုန်းဆိုတော့ "ဒကာတော်မင်းကြီး၊ ကျွန်ုပ်ရဲ့ အဖေကို "ဂဂ္ဂ" လို့ ခေါ်ပါတယ်၊ အမေကို "မန္တာဏီ"လို့ ခေါ်ပါတယ်ဆိုတော့ "အရှင်ဂဂ္ဂ မန္တာဏီ ပုတ္တ" (မန္တာဏီ ပုဏ္ဏားမကြီးရဲ့သားဖြစ်တဲ့ အရှင်ဂဂ္ဂ) လို့တာရှိ အမိန့်ရှိပါ၊ သူထောက်ပံ့ လှူဒါန်းပါ့မယ်။"

အဲဒီအချိန်မှာ ရှင်အင်္ဂုလိမာလက တိစီဝရိတ် ခုတင်ဆောင်တယ်။ သက်န်းသုံးထည်နဲ့ တောရ ကျောင်းမှာပဲ နေတယ်။ ဆွမ်းခံစားတယ်။ ခုတင် အကျင့်တွေ ကျင့်တယ်။ အဲဒီလို ကောသလမင်းကြီး ဟာ ရှင်အင်္ဂုလိမာလအနီး သွားလျှောက်ထားပြီး နန်းတော်ပြန်သွားတယ်၊ စစ်မတိုက်ရတော့ဘူး။ လူသတ်သမား ဖမ်းစရာ မလိုတော့ဘူး။

www.dhammadownload.com



အဲဒီမှာ မြတ်စွာဘုရားထံ လာပြီးတော့ တအံ့တသြ ပြောတယ်။ မြတ်စွာဘုရားရဲ့ ဆုံးမမှုဟာ ဓားလည်းမပါ၊ တုတ်လည်းမပါ၊ လက်နက်လည်းမပါဘဲနဲ့ လိမ္မာယဉ်ကျေးသွားအောင် တကယ့်ကို ကြမ်းတမ်းရက်စက်တဲ့ အင်္ဂုလိမာလလို လူကြမ်းကြီးကို အခုလို ယဉ်ကျေးသွားအောင် ဆုံးမတာ အံ့သြစရာကောင်းလိုက်တာ၊ ဟုတ်တာပဲ၊ တကယ့် အံ့သြစရာကောင်းတယ်။ ဒီလောက် စိတ်ကြမ်း ကိုယ်ကြမ်းရှိတဲ့ လူတစ်ယောက်ဟာ သိမ်မွေ့သွားတယ်။ မယဉ်ကျေးတဲ့လူ ယဉ်ကျေးသွားတယ်။ မသိမ်မွေ့တဲ့လူ သိမ်မွေ့သွားတယ်။ မငြိမ်းချမ်းတဲ့လူ ငြိမ်းချမ်းသွားတယ်။ ဒီလောက် ကြမ်းတမ်းတဲ့ပုဂ္ဂိုလ် ဒီလိုယဉ်ကျေးပြီးတော့ ကြည့်စမ်းကြွေရရနဲ့ ဖြစ်သွားတာ အင်မတန်မှ အံ့သြဖို့ကောင်းပါပေတယ်။ မြတ်စွာဘုရားကို ချီးမွမ်းထောပနာပြုပြီးတော့ ပြန်သွားတယ်။

www.dhammadownload.com



အဲဒီတော့ ရှင်အင်္ဂုလိမာလ ရဟန်းဖြစ်တဲ့အခါမှာ ဆွမ်းခံစားရတယ်။ ဆွမ်းခံစားတော့ တစ်မြို့လုံး ဖိန့်ဖိန့် တုန်အောင် ကြောက်ထားတာဆိုတော့ အင်္ဂုလိမာလ လာပြီဟော့ဆိုရင် ဘယ်သူကမှ ဆွမ်းထွက် မလောင်းရဲ ဘူးလေ။ မြင်တာနဲ့ အိမ်တံခါးတွေပိတ်။ လမ်းပေါ်မှာ လူတွေ တစ်ယောက်မှမရှိတော့ဘူး၊ အကုန်ထွက်ပြေး ကုန်တယ်။ သူ့ဆွမ်းခံကြွတာ မြင်တာနဲ့ ဘယ်လောက် ကြောက်သလဲဆို စဉ်းစားကြည့် အကုန်ပြေးကုန်တယ်၊ မခံနိုင်လွန်းတဲ့ လူတွေကတော့ ဘာလုပ်သလဲဆို "ငါ့ အဖေ သတ်ထားတယ်၊ ငါ့အမေ သတ်ထားတယ်၊ ငါ့ဆွေမျိုးတွေ သတ်ထားတယ်" ဆိုပြီး အဝေးကနေ လှမ်းခဲနဲ့ထုတယ်။ မြင်မြင်ထင်ထင်လည်း မလုပ်ရဲဘူး လိုက်ဖမ်းမှာလည်း ကြောက်သေးတယ်။

အဲဒီတော့ ရှင်အင်္ဂုလိမာလမှာ သပိတ်ကွဲ၊ ခေါင်းကွဲ သက်န်းတွေစုတ်ပြတ် ဆွမ်းတော့ မရဘူး။ သပိတ်ထဲရတာ ကျောက်ခဲပဲရတယ်။ အဲဒီလိုနဲ့ ဆင်းရဲ

www.dhammadownload.com



ဒုက္ခတွေ ကြုံရတယ်၊ ဒါက အကုသိုလ်ကံက အကျိုးပေးတာ၊ အကုသိုလ်ကံ တစ်ခုခုပဲလုပ်လုပ်၊ ကုသိုလ်ကံ တစ်ခုခုပဲလုပ်လုပ် သုံးမျိုးသုံးမျိုး ကွဲထွက်သွားတယ်။ အဲဒါကို သတိထားဖို့လိုတယ်။ ဘယ်သူပဲဖြစ်ဖြစ် အခု ဘဝမှာ ကုသိုလ်ကောင်းမှု လုပ်ရင်လည်း သုံးမျိုး၊ အကုသိုလ်လုပ်ရင်လည်း သုံးမျိုး။ သုံးမျိုးဆိုတာ ဘာလဲလို့ဆို စွမ်းဆောင်မှုအားကောင်းတဲ့ ကုသိုလ်ဇော အကုသိုလ်ဇော ဖြစ်လာတဲ့အခါမှာ ပထမဆုံးစဖြစ်တဲ့ ဇောကို **ဒိဋ္ဌဓမ္မဝေဒနီယကံ**လို့ ခေါ်တယ်။ ဒီဘဝမှာ အကျိုးပေးတယ်၊ နောက်ဆုံးဇောကိုတော့ **ဥပပဇ္ဇ-ဝေဒနီယကံ** ဒုတိယဘဝမှာ ဘဝတစ်ခုကို အကျိုးပေးတယ်။ အလယ်ဇောကျတဲ့အခါ **အပရာပရိယ-ဝေဒနီယကံ** လို့ခေါ်တယ်။ တတိယဘဝကစပြီး နိဗ္ဗာန်ရသည့်တိုင် အကျိုးပေးတယ်။

ရှင်အင်္ဂုလိမာလလုပ်တဲ့ ကံတွေမှာလည်း အဲဒီ သုံးမျိုး သုံးမျိုး ဖြစ်တယ်ပေါ့။ သုံးမျိုးဖြစ်တော့ ပထမ

www.dhammadownload.com



ဒိဘဝအကျိုးပေးတဲ့ **ဒိဋ္ဌဓမ္မဝေဒနီယကံ** ကြောင့် တခြားကို ပစ်လိုက်တဲ့ ခဲကလည်း သူ့ခေါင်းပဲ ရောက်တာပဲ။ ပစ်တာတော့ တစ်ခါတစ်လေ သူ့ဆီပစ်တာ မဟုတ်ဘဲ သူ့ပဲမှန်တယ်၊ အကုသိုလ်အကျိုးပေးပြီဆိုရင် အဲဒါမျိုး။ သူလုပ်တာ မဟုတ်ဘဲလည်း သူ့ဆီရောက်ချင် ရောက်နေတာ။ အကုသိုလ် အတော်ကြောက်စရာ ကောင်းတယ်။ ဆွမ်းစားရဖို့ အင်မတန်မှခဲယဉ်းတဲ့ အနေအထားမျိုး ရောက်နေတယ်။

ဒါတင်မကဘူး ရှင်အင်္ဂုလိမာလ တရား အားထုတ်လို့ မရရှာဘူး။ ဘာလို့ မရသလဲဆို တရားနှလုံးသွင်းဖို့ တရားထိုင်လိုက်တာနဲ့ တပြိုင်နက် သူ့ရဲ့ စိတ်ထဲမှာ မြင်ကွင်းက ဘာတွေဖြစ်သလဲဆို "ကယ်တော်မူကြပါဦး၊ သနားပါဦး၊ သူ့မသတ်ပါနဲ့၊ အမေ မသတ်ပါနဲ့၊ အဖေ မသတ်ပါနဲ့" ဆိုတဲ့ အော်သံ ဟစ်သံ ပြေးသံ လဲပြိုသံ ဒါတွေချည်းပဲ သူ့မြင်ကွင်းက ဝရုန်းသုန်းကား ဖြစ်ပြီးတော့ သူက လိုက်သတ်တာကိုး။ ပြေးကြ၊ အော်ကြ၊

www.dhammadownload.com



ဟာစ်ကြ၊ ငိုကြ၊ ယိုကြ၊ တောင်းပန်ကြ အဲဒါတွေရယ် သွေးရဲရဲ သံရဲရဲနဲ့ မသေခင် မျက်နှာကြီးတွေ ရှုံ့သွား တာတွေ ဒါပဲ သူ့မျက်စိထဲမှာ ပေါ်နေတယ်။ တရား ထိုင်လိုက်ရင် ဒါတွေပေါ်လာ၊ တရားထိုင်လိုက်ရင် ဒါတွေပေါ်လာ၊ ဒါနဲ့ပဲ တရားထိုင်လို့ မရဘူး၊ ထသွား အတော်ကြောက်စရာ ကောင်းတယ်၊ သမာဓိဆိုတာ စုစည်းဖို့ မလွယ်ဘူး။ ကိုယ်လုပ်တဲ့ လုပ်ရပ်တွေက အရိပ်မည်းကြီးလို စိတ်ကို လွှမ်းမိုးနေတယ်။

အဲဒီလို လွှမ်းမိုးမှု ခံထားရသည့်အတွက်ကြောင့် စိတ်တွေကို စုစည်းလို့ မရဘူး။ လုပ်ခဲ့တာတွေက လာပြီးလွှမ်းမိုးနေတယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရား က နည်းပေးတာ။

**"ယတော' ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊**

**နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ"**

www.dhammadownload.com



မွေးဖွားလာတဲ့ အချိန်ကစပြီးတော့ သေစေလိုတဲ့စိတ်နဲ့ ဘယ်သတ္တဝါကိုမှ မသတ်ဘူး။ သတ်တယ်လို့ဆိုတာ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ ဆိုလိုတာက မြတ်စွာဘုရားက မွေးဖွားလာကတည်းက ဘယ်သူ့မှ မသတ်ဘူးလို့ ဒီလို ပထမဟောလိုက်တယ်၊ ဟောတော့ ဘုရားရဲ့ ရည်ရွယ်ချက်က **"ယတော' ဟံ ဇာတိယာ ဇာတော"** ဆိုတာ ဘဝတစ်ခုလုံးကို ပြောတာ မဟုတ်ဘူး၊ ရဟန်းဖြစ်လာတာကို ရည်ရွယ်ပြီး ဘုရားက ပြောတာ။ ပြောတော့ သူက ဘာလျှောက်တုန်းဆို "တပည့်တော်က ဘုရား၊ လူသတ်လာတာ နှစ်ပေါင်း အများကြီးပဲ၊ အဲဒီလိုပြောရင် တပည့်တော် မုသာဝါဒ ဖြစ်လိမ့်မယ်တဲ့။ လိမ်ပြောရာ ရောက်လိမ့်မယ်"ဆိုတော့ အဲဒီလိုဆိုရင် မြတ်စွာဘုရားက ပြင်ပေးလိုက်တယ် **"ယတော ဟံ အရိယာယ ဇာတိယာ ဇာတော"** အရိယာယဆိုတဲ့ စကားလုံးလေးကို ထည့်ပေးလိုက်

www.dhammadownload.com



တယ်၊ မြင့်မြတ်တဲ့ ရဟန်းဘဝ အရိယာဇာတ် ဘုရားရဲ့ အမျိုး၊ အဲဒီကနေစပြီးတော့ လူမသတ်တော့ဘူး။

ဆိုလိုတာက ရဟန်းဖြစ်တဲ့နေ့ကစပြီးတော့ လူမသတ်တော့ဘူး။ ရှေးတုန်းကဖြစ်တာတွေ ပြန်မတွေးနဲ့၊ ဒီအချိန်ကနေစပြီးတော့ ငါ စင်ကြယ်တယ် **ပါဏာတိ-ပါတ** အလုပ်ကို မလုပ်ဘူး၊ စိတ်ကို ဆောက်တည်ခိုင်းလိုက်တာ၊ ဟိုဘက်ကဟာတွေကို အသာမေ့ထားလိုက်၊ အဲဒါမမေ့ရင် အရိပ်မည်းကြီးလို သူ့ရဲ့ခေါင်းထဲမှာ ချာချာလည်သွားမယ်၊ သမာဓိစုစည်းလို့ မရဘူး။ အဲဒါကြောင့် လုပ်ခဲ့တာမေ့ထား။ မေ့ပြီးတော့ ဒီဘက်မှာ စိတ်ဆောက်တည်လို့ရအောင် မြတ်စွာဘုရားက နည်းပေးတာ၊ နည်းပေးလိုက်တဲ့အခါမှာ ရှင်အင်္ဂုလိမာလ စိတ်စုစည်းလို့ရပြီးနောက် ရဟန်းဖြစ်ပြီး (၈)ရက်လောက်နေတော့မှ သူ ရဟန္တာ ဖြစ်သွားတယ်။

အဲဒီလို ရဟန္တာဖြစ်သွားတဲ့အခါမှာ စွမ်းအားကြီးတဲ့ အရဟတ္တမဂ်ဆိုတဲ့ ကုသိုလ်က ကိလေသာတွေ

www.dhammadownload.com



အားလုံးကို ဖယ်ရှားလိုက်တယ်၊ ဖယ်ရှားပစ်လိုက်ရုံမျှ မကဘူး၊ လူသတ်သမားဘဝက အကုသိုလ်တွေလုပ်တဲ့ ထဲမယ် **ဒိဋ္ဌဓမ္မဝေဒနီယကံ** ကိုတော့ သူ့ မပယ်ရှား နိုင်ဘူး။ ဘဝတစ်ခုရထားပြီးဖြစ်လို့ **ဥပပဇ္ဇဝေဒနီယကံ** က နောက်ရမှာ ဖြစ်တယ်၊ **အပရာပရိယဝေဒနီယကံ** လည်း သံသရာ နောက်အဆက်မှာဖြစ်မယ်၊ အဲဒီနှစ်ခု ကိုတော့ ကိလေသာဖယ်ခြင်းအားဖြင့် **ဥပပဇ္ဇဝေဒနီယ ကံ၊ အပရာပရိယဝေဒနီယကံ** တို့ကို ပိတ်ဆို့ဖယ်ရှား ပစ်လိုက်တယ်၊ ဒိဋ္ဌဓမ္မတော့ ဖယ်ရှားလို့ မရဘူးတဲ့။ ဒါကြောင့်မို့ ဘယ်သူက ပစ်လိုက်တဲ့ခဲပဲဖြစ်ဖြစ် သူ့ခေါင်း ကိုပဲ မှန်တယ်။ ငှက်တစ်ကောင်ကို လှမ်းခြောက်လိုက် တဲ့ ခဲကလည်း ရှင်အင်္ဂုလိမာလခေါင်းကို ရောက်လာ တယ်။ နွားတစ်ကောင်ပြေးလို့ နောက်ကလိုက်ပြီး ထုလိုက်တဲ့ ခဲကလည်း ရှင်အင်္ဂုလိမာလ သပိတ်ထဲ ရောက်ချင်ရောက်နေတာ။ အဲဒါဟာ အကုသိုလ်ရဲ့ အကျိုး ဒိဋ္ဌိဓမ္မ သူခံလိုက်ရတာ။

www.dhammadownload.com



ဒါကြောင့် ရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်တဲ့အခါမှာ သူက ပြန်ပြောတယ်-

**အဟိံသကောတိ မေ နာမံ၊**

**ဟိံသကဿ ပုရေ သတော။**

အရင်တုန်းက လူတကာကို ညှင်းဆဲသတ်ဖြတ်နေတဲ့ အချိန်တုန်းက ငါ့ကို "**အဟိံသက**" လို့ ခေါ်ခဲ့ကြတာဟာ မှားယွင်းနေတယ်။ အဓိပ္ပါယ်မကိုက်တဲ့ နာမည်ကြီး ဖြစ်ခဲ့တယ်ပေါ့။ ဒီကနေ့ကတော့ -

**အဇ္ဇာဟံ သစ္စနာမောမှိ** ရဟန္တာ ဖြစ်သွားပြီဆိုတော့ အကြင်နာတရားနဲ့ ဘယ်သတ္တဝါကိုမှ မညှင်းဆဲတော့ ဒီနာမည်ဟာ အမှန်နာမည်၊ အခုမှ နာမည်နဲ့ လိုက်ဖက်ညီသွားတယ်။ တကယ့်ကို မှန်ကန်တဲ့ နာမည်တစ်ခု။

**န နံ ဟိံသာမိ ကိဉ္စိ နံ**–ဘယ်သူ့ကိုမှငါမညှင်းဆဲတော့ဘူး။ ခုမှပဲ **အဟိံသက** ဆိုတဲ့ နာမည်ဟာ အဓိပ္ပါယ်နဲ့ လိုက်လျောညီထွေ ဖြစ်သွားပြီ။

www.dhammadownload.com



အဲဒီတော့ ရဟန္တာ ဖြစ်သွားပြီ ဆိုတဲ့နေရာမှာ တချို့ကလည်း ကျေနပ်ချင်မှ ကျေနပ်မှာ၊ ဒီလို လူသတ်သမားကြီး ဒီလိုလွတ်သွားရသလား၊ ကွင်းလုံးကျွတ်လွတ်တာတော့ မဟုတ်ဘူး။ ဒီဘဝမှာ ခံရမယ့် **ဒိဋ္ဌဓမ္မဝေဒနီယကံ**တွေ ခံလိုက်ရတာ သူ့မှာ အကြီးအကျယ် သပိတ်ကွဲ၊ ခေါင်းကွဲ၊ အဝတ်တွေ စုတ်ပြတ်၊ ဆွမ်းလောင်းမယ့်လူမရှိ၊ ဒီလိုဖြစ်ပြီးတော့ ဒုက္ခ သုက္ခ ရောက်တာပေါ့။ နောင်ဘဝကတော့ ဘဝမှာ မရှိတော့တာ။ ဥပါဒါန်တွေ ကုန်သွားတယ်။ တဏှာတွေ ကုန်သွားတယ်၊ ကိလေသာတွေ ကုန်သွားတော့ ကံတရားက ကိလေသာဆိုတဲ့ အဖော်မရှိလို့ အကျိုး မပေးနိုင်တော့ဘူး၊ အကျိုးမပေးနိုင်တော့ ဒီကံတွေ အားလုံးဟာ အကျိုးတစ်ခု ထုတ်လို့မရတော့ဘူး။

အရဟတ္တမဂ်ဆိုတဲ့ စွမ်းအားကြီးတဲ့တရားကြောင့် ကံတရားတွေဟာ အကျိုးပေးနိုင်စွမ်း မရှိတော့ဘူး။ အဲဒီလို အကျိုးပေးနိုင်စွမ်းမရှိတဲ့ ရဟန္တာဘဝ ရောက်သွားတယ်။

www.dhammadownload.com



**ယဿ ပါပံ ကတံပါပံ၊**

**ကုသလေန ပိဓိယတိ။**

အလွန်ဆိုးတဲ့ အကုသိုလ်ကံတွေကို ကုသိုလ်တရားနဲ့ ပိတ်ဆို့လိုက်တယ်၊ ဆို့ပိတ်လိုက်တယ်၊ စွမ်းအားကြီးတဲ့ ကုသိုလ်တရားနဲ့ ပယ်ဖျက်လိုက်တယ်။

လွတ်ငြိမ်းခွင့်ပေးလိုက်သလိုပဲ သူ့မှာ စွမ်းအားကြီးတဲ့ ကံတရားကနေ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တယ်၊ ဒီကံတွေဟာ အကျိုးပေးခွင့် မရှိတော့ဘူး။ အကျိုးပေးစရာ ဘဝဆိုတာလည်း သူ့မှာ ရှိမှမရှိတော့တာ။ နောက်ဆုံးဘဝ ဖြစ်သွားပြီ။ အဲဒီမှာ **ဒိဋ္ဌဓမ္မဝေဒနီယကံ** အကျိုးကို ခံစားရလို့ ဆွမ်းမစားရတဲ့ ရက်တွေ၊ ခေါင်းကွဲရတဲ့ရက်တွေ ဒီလိုဖြစ်တာ။ မြတ်စွာဘုရားက အေး- အကုသိုလ်တွေ လုပ်ထားလို့ ဒီလိုဖြစ်တာ၊ ဒီလိုအကျိုးတွေခံစားရတာလို့ ရှင်အင်္ဂုလိမာလကို ဟောပြောတယ်။

www.dhammadownload.com



တစ်ရက်မှာ ရှင်အင်္ဂုလိမာလ မြို့ထဲရွာထဲ ဆွမ်းခံသွားရင်းနဲ့ မီးမဖွားနိုင်လို့ ဒုက္ခရောက်နေတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ငိုသံ အော်ဟစ်ငြီးငြူသံတွေကြားလာတဲ့အခါ ရင်ထဲက အကြင်နာတရား ဖြစ်လာတယ်။ ကျောင်းကိုရောက်တော့ ဘုရားကို လျှောက်တယ်၊ "သတ္တဝါတွေဟာ ဒီလိုဒုက္ခရောက်ကြပါလား၊ ဒီလို စိတ်ဆင်းရဲကြပါလား၊ ကိုယ်ဆင်းရဲမှုတွေ ဖြစ်ကြပါလား။"

မြတ်စွာဘုရားက ရှင်အင်္ဂုလိမာလကို သစ္စာဆိုရင် အဲဒီ ဒုက္ခတွေက လွတ်နိုင်တယ်လို့ သစ္စာစကားကို သင်ပေးလိုက်တာ။ မြတ်စွာဘုရား သင်ပေးတဲ့ သစ္စာစကားဟာ အင်္ဂုလိမာလပရိတ် ဖြစ်လာတယ်။

**"ယတော ဟံ ဘဂိနိ အရိယာယ**
**ဇာတိယာ ဇာတော၊**
**နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ**
**ဇီဝိတာ ဝေါရောပေတာ၊**

www.dhammadownload.com



တေန သစ္စေန သောတ္ထိ တေ
ဟောတု သောတ္ထိ ဂဗ္ဘဿ”

“နှမ၊ မြင့်မြတ်တဲ့ ရဟန်းဘ၀ ရောက်လာတဲ့ အချိန်ကစပြီး သေစေလိုတဲ့စိတ်နဲ့ သတ္တ၀ါတွေရဲ့ အသက်ကို သတ်ခဲ့တယ်ဆိုတာ သူ အမှတ်မရပါဘူး၊ ဒီမှန်သောစကားကြောင့် သင်ကိုယ်တိုင် ချမ်းသာပြီး ကိုယ့်ကလေးလည်း ချမ်းချမ်းသာသာ မွေးဖွားပါစေ။

အဲဒီ သစ္စာစကားကို ဘုရားထံက သင်ပြီးတော့ အဲဒီ မီးမဖွားနိုင်လို့ အော်ဟစ်ငြီးငြူနေတဲ့ အမျိုးသမီးထံ သွားပြီးတော့ ရှင်အင်္ဂုလိမာလက ဒီသစ္စာစကားကို ဆိုလိုက်တဲ့အခါမှာ ကြားနေရတဲ့ အမျိုးသမီးဟာ ချက်ချင်းပဲ မီးဖွားပြီး ချမ်းသာသုခ ရသွားတယ်။

အဲဒီအချိန်ကနေစပြီး ရှင်အင်္ဂုလိမာလကို ဆွမ်းလောင်းမယ့်သူတွေ ပေါ်လာတယ်၊ တစ်ချိန်တုန်းက မသိလို့ မိုက်ခဲ့ပေမယ့် အခုချိန်မှာ အကြင်နာတရားတွေ ရှိပါတယ်ဆိုတာကို အားလုံးက လက်ခံလာတယ်။

www.dhammadownload.com



ရှင်အင်္ဂုလိမာလအဖို့ စားဝတ်နေရေး ထိုက်သင့်သလောက် အဆင်ပြေပြီး လူထုပရိသတ်ရဲ့မေတ္တာကို ပြန်ရရှိလာတယ်လို့ ဒီလိုဆိုတာ။ အင်္ဂုလိမာလပရိတ်ဆိုတာ အဲဒီလို ဖြစ်ပေါ်လာတာဖြစ်တယ်။ ဒီ အင်္ဂုလိမာလပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ဘေးရန်ခပ်သိမ်းတွေ ပျောက်ကင်းနိုင်တယ်၊ သားမဖွားနိုင်တဲ့ မိခင်တွေ သားဖွားနိုင်တယ်။ နောက်ဆုံးမှာ ဒီပရိတ်လေးကို ယူပြီးတော့ အသုံးပြုခြင်းအားဖြင့်လည်း လွယ်လွယ်ကူကူ မိခင်ရော ကလေးပါ ချမ်းချမ်းသာသာ ဖြစ်နိုင်တယ်လို့ဆိုတယ်။

သစ္စာရဲ့ စွမ်းအားကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဒါက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ် မြတ်စွာဘုရားကိုယ်တိုင် ဟောခဲ့တာဖြစ်တယ်၊ ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ကြမယ်ဆိုရင် အခက်အခဲတွေ လွန်မြောက်ပြီး ချမ်းသာသုခ ရကြမှာဖြစ်တယ်။ အဲဒီချမ်းသာသုခကို အခြေပြုပြီး ရခဲ့တဲ့ လူ့ဘဝကို

www.dhammadownload.com



ရောက်လာတဲ့အခါ ကုသိုလ်ကောင်းမှုတွေ ဆက်လက်ပြုခြင်းဖြင့် ဒီ့ထက်အဆင့်မြင့်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရောက်ကြမှာဖြစ်တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့၊ ဒီသုတ္တန်မှာလာတဲ့အတိုင်းသစ္စာစကား၊ ရှင်အင်္ဂုလိမာလရဲ့ဂုဏ်၊ မြတ်စွာဘုရားရဲ့ဂုဏ်၊ တရားရဲ့ ဂုဏ်တွေကို အာရုံပြုပြီးတော့ မိမိတို့မှာ အခက်အခဲကြုံတိုင်း သစ္စာစကားဆိုခြင်းဖြင့် အခက်အခဲတွေ လွန်မြောက်အောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

**Typing of Final Edition By-**
**Htet Naing San (I-D-E)**

www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှတအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင်တည်းဖြတ် ပေးသော စာမူများကို ကုသိုလ်ရှင်များ လှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

## ရရှိနိုင်သောဌာနများ

၁။ ဧအောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၄၁၉၃၊ ၀၉၅၁ - ၄၆၀၉၅

၂။ ဦးဘဖိုး + ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ် (၁၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး (ဒီ)ရုံ၊ မြေအောက်ထပ်။
ဖုန်း - ၀၁ - ၂၄၀၆၀၀ (လိုင်းခွဲ) ၄၁၇၄၊ ၀၉ - ၅၅၀၀၈၃၅

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၆၅၅၇၅၆၊ ၀၁ - ၆၅၁၇၆၉

၅။ ပုရပိုက်ဓမ္မဖြန့်ချိရေး
တိုက် (N.3)၊ အခန်း (၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း - ၀၁ - ၅၄၄၇၂၇၊ ၀၉ - ၇၃၉၀၃၉၇၀

www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး စွေစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ (ပ+ဒုတွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထ နှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့် တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်
၁၉။ ဓမ္မမှတ်ကျောက်

www.dhammadownload.com


၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသတဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိ အတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်

www.dhammadownload.com


၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ် (အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အနှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးမှာဝဋ်ကြွေးများ

၅၂။ အထင်မှား အမြင်မှား

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘေသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူ နှင့် ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

www.dhammadownload.com


၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

www.dhammadownload.com


၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက် နှင့် ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝဇိယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး

၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း

၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး

၁၀၉။ သောတာပန် ပုဂ္ဂိုလ်များနေ့စဉ်ဘဝမှာ နေထိုင်ကြပုံ

၁၁၀။ မွေးနေ့လက်ဆောင်

၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ

www.dhammadownload.com

၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ် ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ် အနှစ်ချုပ်
၁၂၇။ ကောသလအိပ်မက်နှင့် ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား

www.dhammadownload.com

၁၃၅။ မြတ်ဗုဒ္ဓသာသနာနှင့် သီတင်းကျွတ်လပြည့်နေ့ အမှတ်တရများ
၁၃၆။ ဝိဝဒါမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ (၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး
၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)
၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး
၁၅၀။ မကျန်းမာသူများအတွက် အထူးနှလုံးသွင်းတရား
၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်
၁၅၂။ မာလုကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား
၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း
၁၅၄။ အတွေးမှားကို ဖယ်ရှားနိုင်ရမည်
၁၅၅။ မိလိန္ဒပဉှာ (ပထမတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏
ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင် (ပထမတွဲ)

www.dhammadownload.com

၁၅၇။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၃)
၁၅၈။ စာသင်စာချ ပြုကြသာသနာ
၁၅၉။ ဗုဒ္ဓသာသနာ၏ ဝိသေသလက္ခဏာများ
၁၆၀။ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
၁၆၁။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၄)
၁၆၂။ မိမိကိုယ်တိုင် မိမိ၏ရန်သူမဖြစ်ပါစေနှင့်
၁၆၃။ တိုင်းရေးပြည်ရေး မျှော်တွေးခြင်း
၁၆၄။ နှစ်သစ်မင်္ဂလာကို မေတ္တာဖြင့်ကြိုဆိုခြင်း
၁၆၅။ ဘဝအတွင်းမှ အမှောင်နှင့် အလင်းများ
၁၆၆။ လူတိုင်းအတွက် အမှန်တရား
၁၆၇။ မဟာသာဝကကြီးတို့၏ စကားဝိုင်း
၁၆၈။ မိလိန္ဒပဉှာ (ဒုတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏
ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၆၉။ စိတ်စွဲလမ်းမှုကို အောင်နိုင်သူ
၁၇၀။ မိလိန္ဒပဉှာ (တတိယတွဲ)
မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏
ဗုဒ္ဓဝါဒရေးရာ အချေအတင်ပြောဆိုချက်များ
၁၇၁။ နယ်လှည့်ဟောကြား မြွက်တရား အတွဲ(၅)
၁၇၂။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင်(ဒုတိယတွဲ)
၁၇၃။ Online ဓမ္မစာလွှာများ
၁၇၄။ ဝဋ္ဋသုတ် အနှစ်ချုပ်
၁၇၅။ အင်္ဂုလိမာလသုတ် အနှစ်ချုပ်